# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်- ၁ /၂၀၂၀
၁၃၈၁ခုနှစ်၊ တပို့တွဲလဆန်း(၆)ရက်
၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ (၃၀)ရက်

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး(စိုက်ပညာရှင်)<br>(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၇၁)နေရာ | B.Agr.Sc |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ( ၂၈- ၂- ၂၀၂၀ )ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ (၂၈-၂-၂၀၂၀)ရက်နေ့ အရောက်ပေးပို့လျှောက်ထားရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓါတ်ပုံ(၂)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)
(င) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့်တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊ စိုက်ပျိုးရေး ဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့်အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်းဖြေဆိုရမည်ဖြစ်သည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၇-၃-၂၀၂၀ | ( ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ ) |
| ( ခ ) | အထွေထွေဗဟုသုတ | ။ | ( ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ ) |
| ( ဂ ) | အင်္ဂလိပ်စာ | ၈-၃-၂၀၂၀ | ( ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ ) |

၇။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၆-၃-၂၀၂၀)ရက်(သောကြာနေ့)တွင် နေပြည်တော် ရုံးအမှတ်-၄၃၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသ၍ ရုံးချိန်အတွင်းထုတ်ယူရပါမည်။

၈။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mmနှင့် အပိုဒ်(၉)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၄၁၀၃၂၅/ ၀၆၇-၄၁၀၅၁၇/၀၆၇-၄၁၀၅၇၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန